EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၉

မေ ၅ ရက်၊ ၂၀၂၀

## တောင်ကြီးတွင် မြေယာခွန်ဥပဒေနှင့်ပတ်သက်၍ ပြည်သူများပိုမိုသိရှိစေရန် လွှတ်တော်ကြားနာပွဲ ပြုလုပ်



မတ် ၁၇၊ ၂၀၂၀

ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ (မူကြမ်း) နှင့်ပတ်သက်၍ ဒေသခံပြည်သူများ ထဲထဲဝင်ဝင် ပိုမိုသိရှိစေရန်အတွက် ပြီးခဲ့သည့် မတ်လ ၁၂ ရက်က ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမတွင် ရှမ်းပြည်နယ်လွှတ်တော်ကော်မတီ ကြားနာပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

"လွှတ်တော်ရဲ့ကဏ္ဍကို ပြည်သူလူထုတွေကနေ ပိုပြီးတော့ ထဲထဲဝင်ဝင် သိစေချင်တယ်။ မြေယာခွန်ဥပဒေနဲ့ပတ်သက်ပြီး တောင်ကြီးခရိုင်အတွင်းမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ စီမံကိန်းတို့၊ ဥပဒေတို့၊ စီမံခန့်ခွဲရေးအဖွဲ့တွေကို မြေယာခွန်ဥပဒေ ဘယ်လောက်ဖြစ်သင့်သလဲ၊ မြေတစ်ကေကို အရင်က တစ်ကျပ်၊ အခုက ၆၀၀၊ ၇၀၀ လောက်တက်မယ့်ကိစ္စဆိုတော့ ဘယ်လိုအကြံပြုချင်သလဲဆိုတာ ရှင်းပြတယ်"ဟု ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ပြောသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီသည် ပြဋ္ဌာန်းထားသောဥပဒေများ သက်ဝင်မှုရရှိစေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းလာစေရန်၊ အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်စေရန်၊ ပြဋ္ဌာန်းထားသောဥပဒေများအား သက်ဝင်မှု ရှိ/မရှိ၊ ပြည်သူများ လိုက်နာမှု ရှိ/မရှိနှင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)အပေါ် ဥပဒေကောင်းပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကြားနာပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အနေဖြင့် ပြည်သူလူထုများနှင့် တွေ့ဆုံပွဲကိုလည်း တောင်ကြီးမြို့ရှိ ယခင်လွှတ်တော်အစည်းအဝေးခန်းမ (ကျားခေါင်းခန်းမ)တွင် ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

"လွှတ်တော်ရဲ့လုပ်ငန်းစဉ်တွေကို ရှင်းပြတယ်။ ပြည်သူလူထုနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကနေတစ်ဆင့် တွေ့တာပဲရှိတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ထိတွေ့မှုမရှိသေးတဲ့အတွက်ဥက္ကဋ္ဌကိုယ်စားတွေ့တာဖြစ်ပါတယ်"ဟု ဦးစဝ်အောင်မြတ်က ဆက်လက်ပြောဆိုခဲ့သည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အနေဖြင့် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) ၄ ခု၊ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ (မူကြမ်း) ၈ ခု၊ အများပြည်သူနှင့်ဆိုင်သောဥပဒေကြမ်း ၁၅ ခု၊ စုစုပေါင်း ဥပဒေမူကြမ်း ၂၇ ခုကို လွှတ်တော်သို့တင်သွင်းနိုင်ခဲ့ပြီး ဥပဒေ ၂၅ ခု ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကာ ဆွေးနွေးလျက်ရှိသော ဥပဒေ(မူကြမ်း) ၁ ခု နှင့် အမိန့်ကြော်ငြာစာအဖြစ် ပြောင်းလဲထုတ်ပြန်ခဲ့သည့် ဥပဒေမူကြမ်း ၁ ခု ရှိခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း ၄ နှစ်တာ ကာလအတွင်း ပုံမှန်အစည်းအဝေး ၁၈ ကြိမ်၊ အရေးပေါ်အစည်းအဝေး ၄ ကြိမ်နှင့် အထူးအစည်းအဝေး ၁ ကြိမ် စုစုပေါင်း လွှတ်တော်အစည်းအဝေး ၂၃ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကာ အဆို ၅၈ ခု ဆွေးနွေး အတည်ပြုခြင်း၊ ကြယ်ပွင့်ပြမေးခွန်း ၁၀၀၄ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော်ကော်မတီကြားနာပွဲသို့ ဒေသခံပြည်သူလူထုများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ၊ အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းလွှတ်တော်ကော်မတီ ကြားနာပွဲကျင်းပပြုလုပ်မည့် အစီအစဉ်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ သတင်းမီဒီယာများအား ဖိတ်ကြားရန် ညွှန်ကြားထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်နယ်တွင်းရှိ သတင်းမီဒီယာအချို့မှာ ဖိတ်ကြားစာမရသဖြင့် တက်ရောက်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

(ကိုးကား- https://www.kanbawzatainews.com)

# တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ စွမ်းဆောင်ရည် လေ့လာသုံးသပ်မှု သုတေသနပြုလုပ်




**ရှမ်းပြည်နယ်လွှတ်တော်ရုံးအဖွဲ့မှ လွှတ်တော်ဆိုင်ရာကိန်းဂဏန်းအချက်လက်များပေးရန် ပြင်ဆင်နေကြစဉ်။ (ဓာတ်ပုံ-EMReF)**

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ စွမ်းဆောင်ရည် လေ့လာသုံးသပ်မှု သုတေသန (၂၀၁၆-၂၀၂၀) ကို ပြုလုပ်လျက်ရှိသည်။ အဆိုပါသုတေသနကို ပထမအကြိမ်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ (၂၀၁၀-၂၀၁၅) တွင်လည်း ပြုလုပ်ခဲ့ပြီး လက်ရှိ (၄) နှစ်တာကာလ စွမ်းဆောင်ရည်ကို ဆက်လက်လေ့လာမှုပြုခြင်း ဖြစ်သည်။ ဤသုတေသနမှ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ ပိုမိုခိုင်မာအားကောင်းလာစေရေး အထောက်အပံ့ဖြစ်စေရန် အကြံပြုချက်များ ပေးလိုခြင်းဖြစ်သည်။

သုတေသနတွင် လွှတ်တော်များ၏ စွမ်းဆောင်ရည်အပေါ် ကိန်းဂဏန်းအချက်အလက်များနှင့် ကောက်ယူလေ့လာသုံးသပ်ခြင်းအပြင် ဥပဒေပြုရေး၊ ထိန်းကျောင်းရေး၊ လွှတ်တော်နှင့်ပြည်သူ လက်လှမ်းမီထိတွေ့ရေး၊ အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအားကောင်းရေးနှင့် တစ်ဦးချင်းစီ၏ အရည်အသွေးများ တည်ဆောက်ရေး၊ လွှတ်တော်ရုံးစီမံခန့်ခွဲမှု အရည်အသွေးတို့အပေါ် အရည်အသွေး အခြေပြုသုတေသန (Qualitative) နည်းအားဖြင့် အသေးစိတ်လေ့လာမှုများ ပါဝင်မည်ဖြစ်သည်။

ဒုတိယအကြိမ်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ (၄) နှစ်တာ စွမ်းဆောင်ရည်ကို သုံးသပ်မှုပြုနိုင်ရန် EMReF အနေဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လမှ စတင်ကာ တိုင်းနှင်ပြည်နယ် (၁၄) ခုလုံးတွင် အချက်အလက်များ ကောက်ယူမှုပြုခဲ့သည်။ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းမှအပ ကျန်တိုင်းနှင့်ပြည်နယ်အားလုံး၏ လွှတ်တော်ဆိုင်ရာ အချက်အလက်များရရှိပြီးဖြစ်ကာ တိုင်းနှင့်ပြည်နယ် (၉) ခုတွင် အသေးစိတ်မေးမြန်းလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါသုတေသနကို လာမည့်ဇွန်လတွင် အပြီးသတ်လေ့လာရန် လျာထားသည်။

**(ကိုးကား- ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း)**

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ပြန်လည်ကျင်းပ

**မေ ၂၇၊ ၂၀၂၀**

ဧရာဝတီတိုင်း၏ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်အတည်ပြုရန် မေ ၂၇ ရက်တွင် တိုင်းလွှတ်တော်အစည်းအဝေးကို ပြန်လည်ကျင်းပရန်ခဲ့သည်။

"တစ်ရက်တည်း ကျင်းပမှာ၊ လာမယ့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်အတည်ပြုပေးဖို့လိုလို့ပါ"ဟု တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောသည်။

အဆိုပါနေ့တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေးသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် (၂၂) ကြိမ်မြောက် ပုံမှန် အစည်းအဝေး၏ ဒုတိယမြောက်နေ့ဖြစ်သည်။

ပထမနေ့ အစည်းအဝေးကို မတ်လ ၂၇ ရက်က ကျင်းပပြီးနောက် မြန်မာနိုင်ငံ၌ COVID-19 ဖြစ်ပွားလာသဖြင့် ရပ်နားခဲ့ခြင်းဖြစ်သည်။

ထို့နောက် လွှတ်တော်ကျင်းပမည့်ရက်ကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ပြီး ယခုအခါ တစ်ရက်တည်းကျင်းပကာ ပြန်လည်ရပ်နားထားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

**(ကိုးကား-https://7day.news)**



**ရသေ့တောင်မြို့အထွက်တွင် ဆောက်လုပ်နေသည့် စစ်ရှောင်စခန်း။ (ဓာတ်ပုံ-Khin Saw Wai-FaceBook)**

# လွှတ်တော်အမတ် ၂ ဦး ဆောက်နေသည့် ရသေ့တောင်စစ်ရှောင်စခန်းကို ရခိုင်ပြည်နယ်အစိုးရ ဟန့်တား

**မေ ၃၀၊ ၂၀၂၀**

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး လက်မှတ်ထိုးထားသည့်စာတွင် ခွင့်ပြုချက်မရဘဲ တည်ဆောက်နေ၍ အချိန်မီတားဆီးရန်ဟုသာ ဖော်ပြထားပြီး အကြောင်းရင်းအသေးစိတ်ကို မသိရသေးပေ။

ရသေ့တောင်မြို့နယ်တွင် လွှတ်တော်အမတ် ၂ ဦး ဦးဆောင်ကာ ဆောက်လုပ်နေသည့် စစ်ဘေးရှောင်စခန်းကို ဆက်လက်ဆောက်လုပ်ခြင်းမပြုရန် ရခိုင်ပြည်နယ်အစိုးရက မေ ၂၉ တွင် ညွှန်ကြားစာထုတ်ပြန်ကာ တားမြစ်လိုက်သည်။

စစ်တွေခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ လိပ်မူထားသည့် အဆိုပါညွှန်ကြားစာတွင် ခွင့်ပြုချက်မရဘဲ ဆောက်လုပ်နေသည့် စစ်ရှောင်စခန်းကို အချိန်မီတားဆီးရန်ဟု ဖော်ပြထားပြီး ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက လက်မှတ်ထိုးထားသည်။

ရသေ့တောင်မြို့အစွန်နားတွင် တည်ဆောက်နေသည့် အဆိုပါစစ်ရှောင်စခန်းကို ပြည်နယ်လွှတ်တော်အမတ် ဦးသန်းနိုင်နှင့် ၎င်းတို့ ဦးဆောင်ဆောက်လုပ်နေခြင်းဖြစ်သည်ဟု ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါ်ခင်စောဝေက ပြောသည်။

ရသေ့တောင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေရသည့် စစ်ရှောင်များအတွက်ရည်ရွယ်၍ ပြည်သူများ၏ အလှူငွေများနှင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး ပြည်နယ်အစိုးရ၏ တားမြစ်မှုအပေါ် အံ့ဩမိသည်ဟု ၎င်းကပြောသည်။

"ခက်ခဲနေတဲ့ ပြည်သူတွေအတွက် စေတနာနဲ့လုပ်တာကို အခုလို တားမြစ်ခံရတော့ တော်တော်လေးကို စိတ်မကောင်းဖြစ်ရတယ်"ဟု ၎င်းကဆိုသည်။

ရသေ့တောင်မြို့နယ်တွင် စစ်ရှောင်နှစ်သောင်းဝန်းကျင်ရှိနေပြီး အဆိုပါစစ်ရှောင်များထဲမှ နေထိုင်ရေးခက်ခဲသည့် စစ်ရှောင်များအတွက်ရည်ရွယ်ကာ ယခုကဲ့သို့ ဆောက်လုပ်ရခြင်းဖြစ်ကြောင်း ဒေါ်ခင်စောဝေက ပြောသည်။

ရသေ့တောင်အခြေစိုက် စစ်ဘေးရှောင်များကို ကူညီပေးနေသည့်အဖွဲ့များ၏ အချက်အလက်များအရ တစ်မြို့နယ်လုံးတွင် စစ်ရှောင်သုံးသောင်းဝန်းကျင်ခန့်ရှိနေပြီး ရသေ့တောင်မြို့ပေါ်တွင် နှစ်သောင်းခန့်ရှိကာ စစ်ရှောင်စခန်း ၁၅ ခုတွင် နေထိုင်နေရသည်ဟုဆိုသည်။

စာထုတ်တားမြစ်ခြင်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းကို ဖုန်းနှင့်ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းလက်ခံဖြေကြားခြင်းမရှိပေ။

စစ်ရှောင်များအရေး တစ်စိုက်မတ်မတ်ကူညီလုပ်ဆောင်နေသည့် ရသေ့တောင်မြို့ခံတစ်ဦးကမူ ဆောက်လုပ်နေသည့် စစ်ရှောင်စခန်းအနီးတွင် တပ်မတော်တပ်ရင်း (၅၃၈) ရှိနေသည့်အတွက် တပ်မတော်၏ လုံခြုံရေးနှင့်စစ်ရှောင်များ၏ လုံခြုံရေးအတွက် တားမြစ်ခြင်းဖြစ်နိုင်သည်ဟု သုံးသပ်သည်။

လတ်တလောတွင် လုံခြုံရေးဝန်ထမ်းများနှင့် လာရောက်ဖယ်ရှားခြင်း မရှိသေးသော်လည်း စစ်ရှောင်စခန်း၏ရွှေ့ရေးနှင့် ပတ်သက်ပြီး မည်သို့ဆက်လုပ်မည်ကို စခန်းတည်ဆောက်ရေး ဦးဆောင်သူများ ဆွေးနွေးဆုံးဖြတ်ရန်ရှိကြောင်း ဒေါ်ခင်စောဝေက ပြောသည်။

ရသေ့တောင်မြို့နယ် မယုမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများမှာ စစ်ဘေးဒဏ်အများဆုံးခံစားကြရပြီး ထိုရွာများမှ စစ်ရှောင်ကြသူအများစုမှာ ရသေ့တောင်မြို့ပေါ်သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

စစ်တွေအခြေစိုက် ရခိုင်တိုင်းရင်းသားမျိုးနွယ်များအစည်းအရုံး (REC) ၏ မတ် ၃၁ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ ရခိုင်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်တွင် စစ်ရှောင်အရေအတွက် ၁၅၇၂၉၁ အထိရှိနေသည်။

**(ကိုးကား - https://myanmar-now.org/mm)**